# မြန်မာပြည်တွင်းရှိ သံဃာထုအခြေအနေနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းချက်
## ၂၈ နိုဝင်ဘာ ၂၀၀၇

ပြီးခဲ့တဲ့စက်တင်ဘာလအတွင်းက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မေတ္တာပို့ကြွချီခဲ့ကြတဲ့ သံဃာတော်တွေကို မြန်မာစစ်အာဏာပိုင်တွေက အကြမ်းဖက်ဖြိုခွဲခဲ့တာ အခုဆို ၂ လကျော်ရှိလာပါပြီ။ ဒီအတောအတွင်း အောက်တိုဘာလ ကုန်မှာတခါ ပခုက္ကူမြို့က သံဃာအပါး တရာကျော်ဟာ မြို့တွင်းကိုလှည့်လည်ပြီးတော့ မေတ္တာပို့ ကြွချီခဲ့ကြတာ ရှိပါသေးတယ်။ အဲဒီနောက်ပိုင်း သံဃာတော်တွေရဲ့လှုပ်ရှားမှု ထပ်ပေါ်လာတာကိုတော့ အခုအချိန်အထိ မတွေ့ရသေးပါဘူး။ မြန်မာပြည်တွင်းက သံဃာတော်တွေရဲ့ အခြေအနေနဲ့ပတ်သက်ပြီး ကိုကျော်အောင်လွင်က ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။

နိုင်ငံတကာနဲ့ ပြည်တွင်းလူထုက သံဃာတော်တွေရဲ့လှုပ်ရှားမှု အဆုံးသတ်သွားပြီလား၊ ဘယ်လိုပုံစံမျိုးနဲ့ ပြန်ပေါ်လာဦးမလဲ၊ အဖမ်းခံထားရတဲ့သံဃာတော်တွေရဲ့ အခြေအနေ ဘယ်လိုရှိနေလဲ၊ သူတို့အပေါ်မှာရော အကြမ်းဖက် ရိုက်နှက်စစ်ဆေးညှဉ်းပန်းတာတွေများ ရှိနေသလား၊ စစ်အစိုးရရဲ့ အကြမ်းဖက်ရက်စက်မှုကြောင့် ပြန်လွန်တော်မူခဲ့ကြတဲ့ သံဃာတော်တွေကရော ဘယ်နှစ်ပါးလောက်ရှိနေကြလဲ၊ ဘယ်ကျောင်းတိုက်က ကိုယ်တော်တွေလဲ၊ ပတ္တနိက္ကုဇ္ဇနကံဆောင်မှုကရော သံဃာတော်တွေဘက်က ကံဆောင်နေတာ ပြီးသွားပြီလား စတဲ့ မေးခွန်းတွေအများကြီးနဲ့ နိုင်ငံတကာကရော ပြည်တွင်းကပါ စိတ်ဝင်တစား ရှိနေကြတုန်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၆ ရက်နေ့တုန်းကလည်း အဖမ်းဆီးခံသံဃာတွေအားလုံးကို ပြန်လွှတ်ပေးဖို့၊ ပြန်လွန်တော်မူခဲ့တဲ့သံဃာတော်တွေနဲ့ ပျောက်ဆုံးနေတဲ့သံဃာတော်တွေရဲ့စာရင်းကို အမှန်အတိုင်း အတိအကျ ထုတ်ပြန်ပေးဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့က မြန်မာစစ်အစိုးရကို ကြေညာချက်တစောင်ထုတ်ပြီး တောင်းဆိုထားပါတယ်။ လက်ရှိမြန်မာပြည်တွင်းက သံဃာထုတွေ မငြိမ်းမချမ်းဖြစ်နေရတဲ့အကြောင်း၊ သံဃာတော်တွေရဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးနေရတဲ့အကြောင်းတွေကို ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းကနေ သိရအောင် ကြိုးစားနေတဲ့ ဗုဒ္ဓဘာသာသံဃာအဖွဲ့အစည်းတခုကတော့ မကြာခင်တုန်းကမှ ပြည်ပမှာဖွဲ့စည်းထားတဲ့ သာသနာ့ဥသျှောင် မြန်မာဗုဒ္ဓဘာသာသံဃာအဖွဲ့ဖြစ်ပါတယ်။ အဲဒီအဖွဲ့က အတွင်းရေးမှူးကိုယ်တော်တပါးဖြစ်တဲ့ အမေရိကန်အနောက်ဘက်ခြမ်း လော့စ်အိန်ဂျလိစ်မြို့က အရှင်ဂုဏိသရကို ဒီကနေ့ မြန်မာပြည်တွင်းက သံဃာတော်တွေရဲ့အခြေအနေတွေ ဘယ်လိုများသိထားပါသလဲလို့ မေးမြန်းလျှောက်ထားခဲ့ပါတယ်။

*သံဃာတော်တွေရဲ့လှုပ်ရှားမှုဟာ မြန်မာပြည်မှာ တိတ်ဆိတ်နေတယ်လို့ပြောရပါလိမ့်မယ်။ အခုအခြေအနေဟာ အရင်ကလိုပဲ ပုံမှန်အခြေအနေကိုပြန်ရောက်သွားပြီလား၊ သံဃာတော်တွေအနေနဲ့ရော သာသနာ့လုပ်ငန်းတွေကို ပုံမှန်ပဲ ပြန်လုပ်ကိုင်နိုင်တဲ့ အခြေအနေကို ရောက်သွားပြီလို့ အရှင်ဘုရားတို့ သုံးသပ်ပါသလား။*

"တိတ်ဆိတ်ငြိမ်သက်ခြင်းဟာ အင်အားတခုပါပဲ။ ထို့အတူပဲ လှုပ်ရှားမှုဟာလည်း အင်အားတခုပါပဲ။ ရဟန်းသံဃာတော်များအဖို့တော့ တိတ်ဆိတ်ငြိမ်သက်ခြင်းဟာလည်း အင်အားတခုပါပဲ။ ဒီလိုငြိမ်နေတဲ့အတွက် ပြီးသွားတာမဟုတ်ပါဘူး။ ဒီကိစ္စက ဦးဇင်းတို့မြန်မာနိုင်ငံသားအားလုံးဟာ မြန်မာနိုင်ငံမှာ ကိုယ့်မွေးရာပါအခွင့်အရေးတွေ ဆုံးရှုံးနေပါတယ်။ ရဟန်းတွေ၊ ကျောင်းသားတွေ၊ ပြည်သူလူထုတွေ ဘယ်သူပဲဖြစ်ဖြစ် အမေမွေးကတည်းကပါတဲ့ မွေးရာပါအခွင့်အရေးတွေကို စစ်အစိုးရလို အာဏာရှင်တွေကနေ လုယူထားတာ ခံလိုက်ရပါတယ်။

"ဒီဟာတွေကို ဦးဇင်းတို့လက်ထဲ၊ ပြည်သူလူထုလက်ထဲ၊ နိုင်ငံသားတွေလက်ထဲပြန်ရောက်အောင်၊ လက်ထဲကိုပြန်မရမချင်း ဒီကိစ္စဟာ ဘယ်တော့မှပြီးသွားမှာမဟုတ်ပါဘူး။ မေတ္တာပို့ရွတ်ဆိုတယ်ဆိုတဲ့ကိစ္စကလည်း ဒါ မြတ်စွာဘုရားသာသနာမှာ ဘုရားရဲ့လမ်းစဉ်ကို လိုက်တာပါပဲ။ သံဃာတော်တွေကိုယ်စားပြုတဲ့ သံဃာတပါးလိုဖြစ်တဲ့ ဦးဇင်းတို့ရဲ့ဗုဒ္ဓကလည်း မေတ္တာနဲ့ပဲ အောင်ခြင်း ၈ ပါးဆိုတာ အနိုင်ရခဲ့တာပါပဲ။ ဦးဇင်းတို့သံဃာတော်တွေကလည်း မြတ်စွာဘုရားသားတော်တွေပီပီ မေတ္တာနဲ့ပဲ ဒီကိစ္စကို

ဆက်ပြီးဆောင်ရွက်သွားမှာပါ။ အဲတော့ အရင်က အောင်ခြင်း ၈ ပါးပေါ့၊ ဒီတခါ ဦးဇင်းတို့ နအဖကို မေတ္တာနဲ့ပဲ နိုင်ပြီဆိုရင်တော့ အောင်ခြင်း ၉ ပါးဖြစ်ပြီပေါ့ဗျာ၊ ဦးဇင်းတို့ဗုဒ္ဓသာသနာတော်မှာ။ ဦးဇင်းအနေနဲ့ ဒီလိုပဲမြင်ပါတယ်"

*နောက်တခုလျှောက်ချင်တာက သံဃာတော်တွေ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်အပေါ်မှာ သဘောမကျလို့ သပိတ်မှောက်တဲ့အနေနဲ့ ပတ္တနိက္ကုဇ္ဇနကံဆောင်မှုဆိုတာ နောက်ဆုံးအခြေအနေမှာ ဘယ်လိုရှိပါသလဲဘုရား။*

"ဦးဇင်းတို့ကံဆောင်မှုဟာ အောင်မြင်စွာနဲ့ ဒီကံဆောင်မှုကို ဆက်လက်ထိန်းသိမ်းထားဆဲပါပဲ။ ဦးဇင်းတို့တောင်းဆိုထားတဲ့ အချက် ၄ ချက်ကို လုံးဝမရပါဘူး။ တချက်မှမရပါဘူး။ တချက်မှမရတဲ့အတွက် ဦးဇင်းတို့ပြည်တွင်းပြည်ပမှာရှိတဲ့ သံဃာတော်တွေအားလုံးက စစ်အစိုးရကို သပိတ်မှောက်ထားဆဲပါပဲ။ အကယ်၍ သပိတ်လှန်မယ်ဆိုရင် ဒီတိုင်းလှန်လို့မရပါဘူး။ ဒီအချက် ၄ ချက်ကို သူတို့က လိုက်လျောတယ်ဆိုရင် ဦးဇင်းတို့ သပိတ်ပြန်လှန်တဲ့ ကမ္မဝါစာဖတ်မှာပါ။ တတိုင်းပြည်လုံးကို သူတောင်းပန်တယ်ဆိုရင် တတိုင်းပြည်လုံး၊ တကမ္ဘာလုံးမှာရှိတဲ့သံဃာတော်တွေက ပတ္တဥက္ကုဇ္ဇနဆိုတဲ့ သံဃာ့ကံကို သိမ်ထဲမှာပဲ ကမ္မဝါပြန်ဖတ်ပြီးတော့ လှန်ပေးမှာပါ။

"အခု သူတို့ကနေပြီးတော့ မတောင်းပန်တဲ့အပြင် သံဃာတွေကို ဖမ်းဆီး၊ သတ်ဖြတ်၊ နှိပ်စက်တာတွေ လုပ်နေတယ်ဆိုတော့ ဦးဇင်းတို့တွေက သပိတ်လုံးဝမလှန်ပါဘူး။ ဒါ ဘုရားရှင်ရဲ့အဆုံးအမတော်အရ ဒီဝိနည်းကံဟာ ဆက်လက်ပြီးတော့ အောင်မြင်စွာလုပ်ထားဆဲပါ။ အကယ်၍ အလှူခံတဲ့ တချို့ရဟန်းတွေဆိုရင် ဒါ သူ့သမိုင်းသူပြောတယ်၊ သူ နီးရာခေါးကို ကြောက်နေတာ။ ဒါမှမဟုတ် သူ ကတိလိုက်စားတာဗျာ၊ ဒါတွေကြောင့်ပဲလို့ ဦးဇင်းအနေနဲ့မြင်ပါတယ်"

*တဖက်မှာ တပည့်တော်တို့တွေ့နေရတာကလည်း မြန်မာစစ်အစိုးရပိုင် သတင်းမီဒီယာတွေမှာ တချို့ ကိုယ်တော်တွေဟာ မြန်မာစစ်အစိုးရခေါင်းဆောင်တွေရဲ့ ကပ်လှူတဲ့ပစ္စည်းတွေကို လက်ခံတာ တွေ့နေရပါတယ်။ ဆိုတော့ မြန်မာပြည်တွင်းက သံဃာထုရဲ့ ဘယ်နှစ်ရာခိုင်နှုန်းလောက်ဟာ ပတ္တနိက္ကုဇ္ဇနကံကို ဆက်ပြီးတော့ ဆောင်နေတာလဲ၊ ဘယ်နှစ်ရာခိုင်နှုန်းလောက်က ကံဆောင်မှုကို မလုပ်ကြတဲ့ကိုယ်တော်တွေ ရှိကြသလဲဆိုတာ အကြမ်းဖျဉ်း ရှင်းပြပေးပါဘုရား။*

"၉၅ ရာခိုင်နှုန်း သံဃာထုတွေက ပတ္တနိက္ကုဇ္ဇနကံပြုတာကို ထောက်ခံထားပါတယ်။ အနည်းငယ်မျှသာဖြစ်တဲ့ ၅ ရာခိုင်နှုန်းလောက်တော့ သံဃာတချို့ကတော့ စစ်အစိုးရနဲ့ ပုလဲနံပသင့်ပြီးတော့ ဒါတွေကို လုပ်နေပါတယ်။ ဦးဇင်းအနေနဲ့လည်း ၅ ရာခိုင်နှုန်းလောက်လုပ်တဲ့ ဒီသံဃာတွေရဲ့လုပ်ရပ်ကို အပြစ်မမြင်ပါဘူး။ ဒါပေမယ့် အံ့သြစရာကတော့ကောင်းပါတယ်။ ကိုယ့်သံဃာထုကို ဒီလောက်ဖျက်ဆီးနေတာ၊ ကိုယ့်သာသနာကို ဖျက်ဆီးနေတဲ့ဟာတွေကို မကြည့်ရက်ဘဲနဲ့ ငါကောင်းရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်နဲ့ အမျိုးသားရေးစိတ်ဓာတ် လုံးဝမရှိဘဲနဲ့ ဒီလိုအလှူခံနေတာတွေ၊ ပုလဲနံပသင့်အောင်နေတာတွေအတွက် အံ့သြပါတယ်။

"သံဃာထုမျက်နှာကိုကြည့်ရမယ်။ တကယ်ဆိုရင် ဘုရားမျက်နှာကို ကြည့်ရမယ်။ စစ်အစိုးရမျက်နှာကိုမကြည့်ရဘူး။ စစ်အစိုးရဆိုတာက သူတို့ကိုယ်တိုင်လည်း အစိုးရမဟုတ်ဘူး။ အဲတော့ သံဃာထုမျက်နှာကို ကြည့်ရမယ်ဆိုရင် ၉၅ ရာခိုင်နှုန်းက ဦးဇင်းတို့ သပိတ်မှောက်တဲ့ကံကို ထောက်ခံထားပါတယ်"

*မြန်မာပြည်ကသံဃာထုထဲမှာ ဘာသာရေးလုပ်ငန်းတွေ၊ သာသနာရေးလုပ်ငန်းတွေ ပုံမှန်လုပ်ဆောင်နေနိုင်ပြီလို့ အရှင်ဘုရားတို့အနေနဲ့ သတ်မှတ်ပါသလား၊ သဘောပေါက်ပါသလားဘုရား။*

"ပုံမှန်လုပ်ဆောင်နိုင်ပြီလို့ ဒီသံဃာတော်တွေရဲ့ အခြေအနေကို ပြောလို့လုံးဝမရပါဘူး။ ဒီသံဃာတော်တွေဟာ ယနေ့အချိန်အထိ တိမ်းရှောင်နေရတာ ရာနဲ့တင်မကဘူး၊ ထောင်နဲ့ချီရှိပါတယ်။ အဖမ်းခံရတဲ့သံဃာတွေဟာ ထောင်နဲ့ချီရှိပါတယ်။ ထွက်ပြေးနေရတဲ့သံဃာတွေဟာ ထောင်နဲ့ချီရှိပါတယ်။ ဆန္ဒမပါဘဲနဲ့ အစိုးရအင်အားသုံးလို့ တောမှာပြန်နေရတဲ့သံဃာတွေဟာ ထောင်နဲ့သောင်းနဲ့ချီရှိပါတယ်။

“အဲတော့ ဒီကိစ္စတွေမှာ ဆရာတော် သံဃာတော်တွေက သူတို့ရဲ့ သာသနာပြုလုပ်ငန်းတွေကို လွတ်လပ်မှုလုံးဝမရှိဘူး။ မရှိတဲ့အတွက် သူတို့ရဲ့ပုံမှန်အနေအထား လုံးဝမရောက်သေးပါဘူး။ ရဟန်းတွေဆိုတာ ပရိယတ်လုပ်ရင်လုပ်၊ မလုပ်ရင် ပဋိပတ်လုပ်၊ ဒီသာသနာပြုနှစ်ခုထဲမှာ ဂန္ထဓုရ၊ ဝိပဿနာဓုရဆိုတဲ့ နှစ်ခုထဲမှာ တခုကိုမှ ပုံမှန်အနေအထားရောက်အောင် သူတို့မလုပ်နိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အသက်အန္တရာယ်ရှိလို့ တိမ်းရှောင်နေရတာရယ်၊ နောက် သူတို့ကိုလာပြီး အင်အားသုံးလို့၊ နီးရာခါး ကိုကြောက်ရလို့ တိမ်းရှောင်ရတာရယ်၊ အဲဒီအချက်တွေကြောင့် ဦးဇင်းတို့ မြန်မာပြည်ရဲ့သံဃာတွေ လက်ရှိအခြေအနေ၊ သာသနာပြုရတဲ့အခြေအနေဟာ တော်တော်ကိုအခြေအနေမကောင်းပါဘူး။

“အခုဆို စာရင်းပျောက်နေတာ ဦးဇင်းတို့သာသနာတော်မှာ ယနေ့အချိန်အထိ စာရင်းကို အပြီး ကောက်လို့ မရသေးဘူး။ ဘယ်နှစ်ပါးပြန်လွန်တော်မူသွားသလဲ၊ ဘယ်နှစ်ပါးထောင်ထဲရောက်နေသလဲ၊ ဘယ်နှစ်ပါးပျောက်နေသလဲဆိုတာ ဦးဇင်းတို့မှာ စာရင်းမရှိပါဘူး။ ဒါတွေဟာ လက်ရှိဖြစ်နေတဲ့အခြေအနေပါ။ ဦးဇင်းတို့သံဃာတော်တွေဟာ သာသနာတော်ကို ငြိမ်းချမ်းစွာ သာသနာပြုခွင့်ရနေပြီ၊ အဲဒီအခြေအနေရောက်နေပြီလို့ ဦးဇင်းတို့ လုံးဝမပြောနိုင်တဲ့အခြေအနေ ဖြစ်နေပါတယ်”

သာသနာ့ဥသျှောင်အဖွဲ့က အတွင်းရေးမှူးကိုယ်တော်တပါးဖြစ်တဲ့ အမေရိကန်အနောက်ဘက်ခြမ်း လော့စ်အိန်ဂျလိစ်မြို့က အရှင်ဂုဏသိရ မိန့်ကြားခဲ့တာဖြစ်ပါတယ်။